# "၂၀၁၀ လွှန်အတွက် (ဗကပ) ရဲ့သန္နိဌာန်"

(၁) ၂၀၀၈ ခုနှစ်က မိမိတို့ ကွန်မြူနစ်ကြေညာစာတမ်းကို (တတိယအကြိမ်) ထုတ်ဝေခဲ့သည်။ နှစ် (၁၆၀) အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်း ဖြစ်သည်။

ထိုသို့ ထုတ်ဝေစဉ်က စာအုပ်တအုပ်လုံး စာမျက်နှာ (၁၄၀) ကျော်ရှိတာမှာ အမှာတွေနဲ့ နောက်ဆက်တွဲက တအုပ်လုံးရဲ့ တဝက်ကျော်ကျော်ပါပြီး ကြေညာစာတမ်းပင်ကိုယ်က တဝက်ပင် မရှိ။ သုံးပုံတပုံမျှသာ ရှိသည်။ ဘာကြောင့်လဲဆိုတော့ ခေတ်တွေ အလီလီပြောင်းလဲလာလို့ ဖြစ်သည်။

ယခု ၂၁ ရာစုရဲ့ ပထမဆုံး ဆယ်စုနှစ် ကုန်တော့မည်။ ကွန်မြူနစ်ကြေညာစာတမ်း ထွက်တုန်းက မာ့က်စ်၊ အိန်ဂယ်တို့ ရေးခဲ့သည့် တစ္ဆေကြီးတကောင်သည် ဥရောပတိုက်တွင်ပဲ လှည့်လည်သွားလာနေတာ မဟုတ်တော့။ ကမ္ဘာပတ်နေပြီ။

တစ္ဆေကြီးကို မောင်းထုတ်ပစ်ချင်သူများကလည်း ပုပ်ရဟန်းမင်းကြီးနဲ့ ဥရောပက ဟောင်းနွမ်းနေတဲ့ အင်အားစုတွေချည်း မဟုတ်တော့။ တကမ္ဘာလုံး နေရာအနှံ့ ဖြစ်သည်။

(၂) ဟိုတုန်းက ပေါ်ကာစ အာဏာရခနရှင်တွေ သြဇာကျနေချိန် ဖြစ်သည်။ ယခု ကွန်မြူနစ်တွေ သြဇာကျနေချိန် ဖြစ်သည်။ ဗမာပြည်မှာဆိုလျှင် 'ကျော်ငြိမ်းဆိုရှယ်လစ်' 'နေဝင်းဆိုရှယ်လစ်' တို့ကြောင့် 'ဆိုရှယ်လစ်တော်လှန်ရေး' နာမည်ပျက်နေချိန် ဖြစ်သည်။

ကမ္ဘာမှာလည်း ထိုနည်းလည်းကောင်း ဖြစ်သည်။ အိုဘားမားက သူဌေးသဘော်မှောက်တာကို ဝင်ကယ်တော့ အိုဘားမားကို 'ဆိုရှယ်လစ်' လို့ စွပ်စွဲလိုက်သည်။

တချို့သော (မနည်းတဲ့တချို့) မာ့က်စ်ဝါဒီတွေက 'ကွန်မြူနစ်' နာမည်ပင် မခံဝံ့ကြ။ 'လက်ဝဲ' လို့ပဲ သုံးလာကြသည်။ 'လက်ဝဲ' ဆိုသူတွေကလည်း များမှများ။ ရှေးရိုးဟောင်းကွန်ဆာဗေးတစ် မဟုတ်လျှင် 'လက်ဝဲ' တံဆိပ် ကပ်ပေးလိုက်ကြသည်။

ရယ်စရာတော့ ကောင်းသည်။ အခုတလော မာ့က်စ်ကို ပထမဆုံး လက်ဝဲဘောဂဗေဒပညာရှင်ကြီးအဖြစ် (Newsweek) မဂ္ဂဇင်းမှာ 'ဘောဂဗေဒပညာရှင်' (၁၂) ယောက်ရဲ့ ဓာတ်ပုံနဲ့တကွ တန်းစီဖော်ပြထားသည်။ အစောဆုံးလက်ဝဲနဲ့ လက်ယာစွန်း ဘောဂဗေဒပညာရှင်များလို့ ဆိုသည်။ မာ့က်စ်က ရှေ့ဆုံးက။ နောက်မှာက မေးနတ်ကိန်း လိုက်သည်။ အခုထိ အသက်ထင်ရှား ရှိနေသူတွေဖြစ်တဲ့ စတစ်ဂ်လစ်၊ ကရုဂ်မင်း စသူများက နောက်ကလိုက်သည်။ 'လက်ဝဲ' ဆိုတာက ဒီလောက်ဈေးပေါနေချိန် ဖြစ်သည်။

(၃) ဒီလိုဖြစ်လာတာကလည်း အရင်းရှင်စီးပွားရေး အကျပ်အတည်းပေါ်လာလို့ ဖြစ်သည်။ ပေါ်မလာလျှင် မာ့က်စ်ကို မြေမြှုပ်သင်္ဂြိုဟ်ပြီး ဖြစ်လို့ ပြန်ပြီးရှင်သန်းနိုးထလာစရာ မရှိပါ။

မှန်ရာပြောရလျှင် မိမိတို့ ၁၉၈၉ - ၉၀ တုန်းက ဒီလောက် အကောင်းမမြင်ခဲ့ပါ။ အတော်ကြာကြာ ရုန်းကန်ရမည်ဟု ထင်ခဲ့ပါသည်။ မာ့က်စ် ရှင်သန်ထမြောက်လာဖို့ အကြာကြီးစောင့်ရမည် ထင်ခဲ့သည်။ ဒါကြောင့် ဆယ်စုနှစ်ပေါင်းများစွာအတွက် ဗကပ က ပြင်ခဲ့သည်။

သို့သော် ဆယ်စုနှစ်တခုကျော်ပဲ ကြာခဲ့သည်။ မာ့က်စ်ရော၊ ဗကပ ပါ ပြန်လည်ရှင်သန်ထမြောက်လာခဲ့ပါသည်။ ဘုရှ်တို့ရဲ့ 'နီယိုကွန်' (ကွန်ဆာဗေးတစ်လက်သစ်) နဲ့ ခေါင်းမာတဲ့ 'နအဖ' ကိုပဲ ကျေးဇူးတင်ရမလို ဖြစ်သည်။

၁၉၉၀ လွန်ကာစကဆိုလျှင် ဗကပ ကို အထင်မကြီးကြတော့။ 'ဗကပ နိုင်ငံရေးမလုပ်တတ်ဘူး' လို့ တပ်ပေါင်းစုအစည်းအဝေးမှာ လူမျိုးစုခေါင်းဆောင်တဦးပြောတာ ကြားလိုက်ရသည်။

ပြည်တွင်းထက် ပြည်ပမှာက ပိုဆိုးသည်။ 'ဗကပ သေပြီ' ဟု ပြောကြသည်။ သချိုင်းကဗျည်းထိုးသူက ထိုးသည်။ အဲဒီကာလက ညီအစ်ကို ပါတီတချို့ကလည်း အကောင်းမပြောပါ။

မိမိတို့က ပြောသင့်ပြောထိုက်လို့ အပြောခံရတာပဲဟု သဘောထားခဲ့ပါသည်။ စကားကောင်းစကားလှအဖြစ်ပြောတာ မဟုတ်ပါ။ သေမသွားတာ ကံကောင်းတာပဲဟု သဘောထားခဲ့သည်။ သက္ကရာဇ် ၂၀၀၀ ပြည့်တော့မှ "ဗကပ နာလန်ထပြီ" ဟု စပြောဝံ့သည်။

၁၉၉၀ က ၂၀၀၀ ကြားမှာ ရန်သူကပြောတာထက် ကိုယ့်အထဲကနဲ့ မိတ်ဆွေတွေက ဗကပ ကို ထိုးနက်တဲ့စကား ပိုပြောကြသည်။

အဲဒီလို အပြောခံရလို့ပဲ သန္နိဌာန်ပြင်းပြခဲ့သည်။ ယခု ရဲရဲပြောပါမည်။ နာလန်ထတာကနေ အားသစ်အင်သစ်ဖြင့် (၂၁) ရာစုရဲ့ ဒုတိယဆယ်စုနှစ်ကို ဖြတ်ပါတော့မည်။

၁၀ - ၁၁ - ၂၀၀၉
www.cpburma.org